# ASIA WORLD FOUNDATION

## Press Release

## COVID-19 ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဥ်များကို ကူညီထောက်ပံ့ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းတစ်ထောင်လှူဒါန်း

- အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း COVID – 19 တိုက်ထုတ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေ

**ရန်ကုန်၊ မြန်မာ - ဇွန်လ ၂၉ ရက်၊ ၂၀၂၀ ခုနှစ်** - အေးရှားဝေါလ်ကုမ္ပဏီ (“**AWC**”) မှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့အစည်းဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်း (“**AWF**”) မှ ရန်ကုန်တိုင်းဒေသကြီး၏ ကူးစက်မြန်ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဥ်များကို ကူညီထောက်ပံ့ရန် **ငွေကျပ်သိန်းတစ်ထောင်**ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့ရာ အဆိုပါ လှူဒါန်းပေးအပ်ငွေကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း မှ လက်ခံရယူခဲ့ပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုကြောင့် ဒေသတွင်း လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျပ်အတည်းများကို သိရှိပြီး ရပ်ရွာလူထု၏ လိုအပ်ချက်များကို မဆိုင်းမတွ ဆက်လက် ဖြည့်ဆည်းပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။




*ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ အလှူငွေလက်ခံရယူနေစဉ်*

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ “ပြည်သူတွေရဲ့ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် COVID 19 ကို အခြေအနေတစ်ခုအထိ ထိန်းချုပ်နေနိုင်တာဘဲဖြစ်ပါတယ်။ ဇူလိုင်လကုန်နောက်ပိုင်း အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းတွေ ပြန်လည်ပြေးဆွဲခဲ့မယ်ဆိုရင် ပြန်လာတဲ့လူတိုင်းအတွက် **Quarantine Facility** အပြည့်အဝပေးနိုင်ဖို့အတွက်

စိန်ခေါ်မှုများပြီး ခက်ခဲလာနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာရှိတဲ့ အင်အားတွေ၊ ပြည်သူတွေရဲ့ ပါဝင်မှုနဲ့ လုပ်ငန်းရှင်တွေ ကူညီလှူဒါန်းမှုနဲ့ဘဲ ပြည်သူတွေကို အကောင်းဆုံးသော ဝန်ဆောင်မှုတွေကို ဆက်ပြီး ပေးသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုလို ခက်ခဲတဲ့ကာလမှာ ပါဝင်ကူညီပေးကြတဲ့ တစ်ဦးတစ်ယောက်ချင်းစီကို အသိအမှတ်ပြု မှတ်တမ်းတင်သွားပါမယ်။ ဆက်လက်ပြီး ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုနဲ့ ဒီကပ်ရောဂါဆိုးကြီး ကမ္ဘာ့အလယ်ကနေ ပျောက်ကွယ်သွားတဲ့အထိ ဆက်လက်ကြိုးပမ်းသွားပါစို့” ဟု ပြောကြားသွားခဲ့ပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဖြစ်သူ ဦးထွန်းမြင့်နိုင်မှ “ကျွန်တော်တို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းဟာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ မြန်မာနိုင်ငံသားများ ပိုမိုကောင်းမွန်တဲ့ ဘဝရရှိသွားနိုင်ရေး ကူညီဖော်ဆောင်ပေးဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့တာပါ။ နိုင်ငံအနှံ့ လိုအပ်နေတဲ့ နေရာတိုင်းကို ပံ့ပိုးကူညီသွားမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်ကို ခိုင်ခိုင်မာမာ စွဲကိုင် လုပ်ဆောင်သွားမှာပါ။ ဒီလိုအချိန်မှာ ပုဂ္ဂလိကနဲ့ အစိုးရအဖွဲ့အစည်းတွေ လက်တွဲပူးပေါင်းပြီး ကမ္ဘာ့ကပ်ရောဂါကို အတူတကွ ရင်ဆိုင်တိုက်ထုတ်သွားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် မှာကြားသွားသလိုပါဘဲ ဇူလိုင်လကုန်နောက်ပိုင်း အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းတွေ ပြန်လည်ပြေးဆွဲလာမယ်ဆိုရင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စီမံခန့်ခွဲဝန်ဆောင်မှုပေးနေတဲ့ အေးရှားဝေါလ်လုပ်ငန်းစု၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်တဲ့ **Yangon Aerodrome Company Limited** အနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နဲ့ ICAO တို့က ချမှတ်ပေးထားတဲ့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းစီမံချက်တွေကို လက်တွေ့ကျင့်သုံးပြီး အရည်အသွေးပြည့်မီတဲ့ ဝန်ဆောင်မှုကို အဆင်သင့်ပေးသွားနိုင်အောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်နေမှာပါ။ ခက်ခဲကြမ်းတမ်းတဲ့ ဒီကာလကြီးကို အတူတကွ ဖြတ်ကျော်ပြီးတဲ့နောက် ကျွန်တော်တို့ဟာ ပိုမို တောင့်တင်းခိုင်မာတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေနိုင်မှာဘဲဖြစ်ပါတယ်” ဟု ပြောကြားသွားခဲ့ပါသည်။

နိုင်ငံတစ်ဝှမ်း လိုအပ်သောကူညီထောက်ပံ့မှုများကို ဖြည့်ဆည်းသွားရန်ဟူသော အေးရှားဝါးဖောင်ဒေးရှင်း၏ သံဓိဋ္ဌာန်နှင့်အညီ ယခုအကြိမ်လှူဒါန်းမှုသည် အေးရှားဝေါလ်ဖောင်ဒေးရှင်း မှ ကူးစက်မြန်ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှုကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ရန်အတွက် တတိယအကြိမ်မြောက် လှူဒါန်းခြင်း ဖြစ်သည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်း မှ ငွေကျပ်သိန်းတစ်ထောင်ကို COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားဗဟိုအဆင့်ကော်မတီသို့ မတ်လ ၃၀ ရက်နေ့၊ ၂၀၂၀ ခုနှစ်၌ နေပြည်တော်ရှိ မြန်မာနိုင်ငံ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနရုံးချုပ်တွင်၎င်း၊ ဒုတိယအကြိမ်မြောက် လှူဒါန်းမှုအဖြစ် ငွေကျပ်သိန်းတစ်ထောင် ကို မန္တလေးတိုင်းဒေသကြီး၏ COVID-19 ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို အားဖြည့်ထောက်ပံ့ပေးရန်အတွက် ဇွန်လ ၂၅ ရက်နေ့၊ ၂၀၂၀ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်၎င်း လှူဒါန်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် နိုင်ငံတော်နှင့်တကွ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ နိုင်ငံအတွင်းရှိ လိုအပ်နေသည့် နေရာဒေသများကို ကူညီပံ့ပိုးနိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

– END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်ထားပြီး အေးရှားဝေါလ်ကုမ္ပဏီစတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ လူထုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိရာ ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများစွာတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် ကူးလူးဆက်သွယ်ရာလမ်းကြောင်းများဖွင့်လိုက်သည့်အားလျော်စွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အခွင့်အလမ်းသစ်များစွာလည်း ပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတိုးတက်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့်အားလျော်စွာ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေဖြင့် ပညာရေးကဏ္ဍတိုးတက်ရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အငူမော်နှင့် မောင်တောကို ဆက်သွယ်ပေးသော ၅၄ ကီလိုမီတာရှိ ကွန်ကရစ်လမ်းသစ်ကို မကြာသေးမီကာလကပင် လှူဒါန်းဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလမ်းသစ်သည် ရခိုင်ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။